# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 15, 2019 Volume 19, Number 10


**၁၅.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၇၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၅ ကျပ် |
| CBM Rate | = ၁၅၄၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## အမေရိကန် ကုန်စည်အမျိုးမျိုးကို သွင်းကုန်ခွန် ကြီးကြီးမားမားစည်းကြပ်မည်ဟု တရုတ်ပြော

အေးခဲဟင်းသီးဟင်းရွက်နဲ့ သဘာဝဓာတ်ငွေ့အရည် အပါအဝင် အမေရိကန် ကုန်စည်အမျိုးမျိုးကို သွင်းကုန်ခွန် ကြီးကြီးမားမား စည်းကြပ်မယ်လို့ တရုတ်နိုင်ငံက မေလ ၁၃ ရက်နေ့မှာ ပြောလိုက်ပါတယ်။ ဒါဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံကို သွင်းကုန်ခွန်တိုးမြှင့်မစည်းကြပ်ဖို့ သတိပေးပြီးနောက် တရုတ်နိုင်ငံက ကုန်သွယ်ရေးစစ်မှာ တန်ပြန်လုပ်ဆောင်လိုက်တာပါ။

ဇွန်လ ၁ ရက်နေ့ကစပြီး အမေရိကန် ကုန်ပစ္စည်းအမယ် ၅,၁၄၀ အပေါ်မှာ ထပ်တိုးသွင်းကုန်ခွန် ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းနဲ့ ၂၅ ရာခိုင်နှုန်း အသီးသီး စည်းကြပ်မယ်လို့ တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ ပါတယ်။ ဒီလုပ်ရပ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်က အမေရိကန်ဒေါ်လာ ဘီလျံ ၂၀၀ ရှိတဲ့ တရုတ်သွင်းကုန်တွေအပေါ်မှာ အမေရိကန်က စည်းကြပ်ခွန်တိုးမြှင့်တာကို တရုတ်ဘက်က တန်ပြန်စည်းကြပ်လိုက်တာပါ။

အဲဒီအတွက် ကမ္ဘာ့စီးပွားရေးသွေဖည်နိုင်တဲ့ အငြင်းပွားမှုမှာ နှစ်နိုင်ငံစလုံး အတောမသတ်နိုင်ဖြစ်သွားမှာကို စိုးရိမ်စိတ်တွေ မြင့်တက်ခဲ့ပါတယ်။ အမေရိကန်ရဲ့ တဖက်သတ်ဝါဒနဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို တုံ့ပြန်တဲ့အနေနဲ့ တရုတ်ဟာ ထပ်တိုးသွင်းကုန်ခွန်စည်းကြပ်တာဖြစ်တယ်ဆိုတဲ့ တရုတ်နိုင်ငံတော်ကောင်စီထုတ်ပြန်ချက်ကို သတင်းဌာနကဖတ်ကြားပါတယ်။ သွင်းကုန်ခွန် တိုးမြှင့်စည်းကြပ်တာကို မကြေညာခင် စီစီတီဗွီဟာ ကုန်သွယ်ရေးစစ်ပွဲနဲ့ပတ်သက်ပြီး တိုက်ရိုက်ထုတ်လွှင့် အစီရင်ခံချက်ကို တင်ဆက်ခဲ့ပါတယ်။ အဲဒီအစီရင်ခံချက်မှာ တရုတ်အနေနဲ့ ကုန်သွယ်ရေးစစ်ဖြစ်လိုတဲ့ ဆန္ဒမရှိပေမယ့် ကုန်သွယ်ရေးစစ် ဆင်နွှဲဖို့လည်း မကြောက်ရွံ့ဘူးလို့ ပြောခဲ့ပါတယ်။

**Source:** https://www.facebook.com/kope.aung

## အိန္ဒိယကုမ္ပဏီ ရန်ကုန်မြစ်အတွင်း ကွန်တိန်နာဆိပ်ကမ်းဆောက်ခွင့်ရရှိ

အိန္ဒိယနိုင်ငံက ဆောက်လုပ်ရေးကုမ္ပဏီတခုဖြစ်တဲ့ Adani အုပ်စုဟာ ရန်ကုန်မြစ်အတွင်း ကွန်တိန်နာကုန်တင်ကုန်ချ ဆိပ်ကမ်းတခု တည်ဆောက်လုပ်ကိုင်ခွင့်ကို အမေရိကန်ဒေါ်လာ သန်း ၂၉၀ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခွင့်ရရှိသွားပါတယ်။



အဆိုပါ သဘောတူညီချက်အရ Adani Yangon International Terminal Co. Ltd. ကို အနှစ် ၅၀ တည်ဆောက်လုပ်ကိုင်ခွင့်ပြုဖို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အတည်ပြုလိုက်တာပါ။ အဲဒီ ကွန်တိန်နာဆိပ်ကမ်းဟာ လာမယ့် ၂၀၂၀ ခုနှစ်မကုန်ခင် ပထမအဆင့် အပြီးသတ်ပြီး ကုန်တင်ကုန်ချလုပ်ငန်းတွေကို စတင်လုပ်ဆောင်နိုင်မယ်လို့ဆိုပါတယ်။

**Source:** https://www.facebook.com/rfaburmese/

## အာရှနိုင်ငံ (၅) ခုက လာမယ့်နှစ်ကနေစလို့ ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးကြီးစိုးဖွယ်ရှိဟု သုတေသနတစ်ရပ်တွင် ဖော်ပြထား

လာမယ့်နှစ် ၂၀၂၀ မှာ ကမ္ဘာ့စီးပွားရေးကို အာရှနိုင်ငံ (၅)နိုင်ငံက လွှမ်းမိုးကြီးစိုးဖို့ရှိကြောင်း သုတေသနအစီရင်ခံစာအသစ်တစ်စောင်မှာ ဖော်ပြထားပါတယ်။အဆိုပါ နိုင်ငံတွေကတော့ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယနဲ့ ဗီယက်နမ်တို့ ဖြစ်တယ်လို့ ဆိုပါတယ်။Standard Chartered ဘဏ်ရဲ့ သုတေသနအကြီးအကဲ Madhur Jha နဲ့ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပညာရှင်တစ်ဦးဖြစ်တဲ့ David Mann တို့ ထုတ်ပြန်လိုက်တဲ့ အဆိုပါသုတေသန မှတ်တမ်းမှာတော့ အထက်ဖော်ပြပါ နိုင်ငံတွေဟာ လာမယ့် ၂၀၂၀ အတွင်း စီးပွားရေးတိုးတက်မှုနှုန်းထား ခုနစ်ရာခိုင်နှုန်းကို ရောက်ရှိနိုင်ဖွယ်ရှိတယ်လို့ ပြောထားကြောင်း Bloomberg အရ သိရပါတယ်။

ဗီယက်နမ်နိုင်ငံမှာတော့ အမြင့်ဆုံးမျှော်မှန်းနှုန်းထားတစ်ရပ် ရှိနေပြီး ယင်းနိုင်ငံဟာ လာမယ့် ၂၀၃၀ မတိုင်ခင် နိုင်ငံသား တစ်ဦးချင်း ဂင်ငွေကန်ဒေါ်လာ ၁၀,၄၀၀ ကို ရောက်ရှိနိုင်တယ်လို့ စီးပွားရေး ပညာရှင်တွေက ယုံကြည်နေကြတယ်လို့ သိရပါတယ်။ဖိလစ်ပိုင်စီးပွားရေးကလည်း ဗီယက်နမ်ရဲ့ နောက်ဒုတိယနေရာမှာ ရှိနေပြီး ယင်းနိုင်ငံဟာလည်း နိုင်ငံသားတစ်ဦးချင်း ဂင်ငွေဒေါ်လာ ၆,၉၀၀ ကို ရောက်ရှိနိုင်တယ်လို့ မျှော်မှန်းနေကြပါတယ်။ ယင်းရဲ့နောက် ဘင်္ဂလားဒေ့ရှ်က ဒေါ်လာ ၅,၇၀၀ နဲ့ တတိယ၊ အိန္ဒိယက ဒေါ်လာ ၅,၄၀၀ နဲ့ နံပါတ်လေးနေရာတို့မှာ ရှိနေပါတယ်။ မြန်မာကတော့ နံပါတ်ငါးနေရာမှာရှိပေမယ့် လာမယ့်ဆယ်စုနှစ်တစ်စုမတိုင်ခင် နိုင်ငံသားတစ်ဦးချင်း ဂင်ငွေဒေါ်လာ ၄,၈၀၀ ကို ရောက်ရှိလိမ့်မယ်လို့ စီးပွားရေးပညာရှင်တွေက အကောင်းမြင်မျှော်မှန်းထားတယ်လို့ သိရပါတယ်။

**Source:** https://en.businesstimes.cn/.../economies-from-2020s-to-be-do...

## အမေရိကန် ဒေါ်လာတန်ဖိုး ၂ ရာခိုင်နှုန်းခန့် မြင့်တက်

ပြည်တွင်းငွေကြေးဈေး ကွက်တွင် ဒေါ်လာတန်ဖိုး ၂ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်ပြီး မေလ ၁၃ ရက်၌ တစ်ဒေါ်လာ ၁,၅၃၅ ကျပ်သို့ ရောက်လာသည်။ မေလဆန်းက တစ်ဒေါ်လာ ကျပ် ၁,၅၀၀ ခန့်သာရှိသော်လည်း နှစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာသည်။ ဒေါ်လာက လလယ်ပိုင်းဆိုတက်တယ်။ လကုန်ရက်အထည်ချုပ်တို့၊ ဘာတို့က ငွေဝင်လာရင် ပြန်ကျလေ့ရှိတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။

ဈေးကွက်အတွင်း ဒေါ်လာတန်ဖိုးမြင့်သကဲ့သို့ ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းလည်း တစ် ဒေါ်လာ ၁,၅၃၇ ကျပ်သို့ ရောက်ရှိခဲ့သည်။ ဒေါ်လာတန်ဖိုးတက်သကဲ့သို့ ပြည်တွင်းရွှေဈေးလည်း မေလအတွင်း ၁ ရာခိုင်နှုန်းကျော် မြင့်တက်လာသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးတက်ရခြင်းဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်အချို့က ပြောသည်။ ကမ္ဘာ့ရွှေဈေးက မေလ ၁၃ ရက်တွင် တစ်အောင်စလျှင် ၁,၂၈၄ ဒေါ်လာဈေးဖွင့်သည်။ ပြည်တွင်း ဈေးကွက်တွင် ရွှေဈေးသည် မေလဆန်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းသုံးသောင်းခွဲမှ မေလ ၁၃ ရက်တွင် ကျပ်ဆယ်သိန်းငါး သောင်းနှစ်ထောင်သို့ ရောက်လာသည်။

**Source:** http://www.7daydaily.com/story/156019

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့ထားသော်လည်း ယခင်နှစ်ကာလတူထက် တန်ချိန် ရှစ်သိန်းကျော်လျော့ကျခဲ့သဖြင့် ဝင်ငွေ ဒေါ်လာသန်း ၃၁၀ ကျော် လျော့ကျ

လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့ထားသော်လည်း ယခင်နှစ် ကာလတူထက် ဝင်ငွေဒေါ်လာ သန်း ၃၁၀ ကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၃ ရက် အထိ ခုနစ်လကျော်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၃၈၄ သန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၆ ဒသမ ၇၃၀ သန်းသာ ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။



ယခင်နှစ် ကာလတူတွင်မူ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂ ဒသမ ၁၉၅ သန်းကျော်အထိ တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၇၄၀ ဒသမ ၀၇၀ သန်းအထိ ရရှိထားကြောင်း သိရသည်။ ထို့ကြောင့် လက်ရှိ ဘဏ္ဍာနှစ် ခုနစ်လကျော်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့ မှုသည် ယခင်နှစ် ကာလတူထက် တန်ချိန် ၈၁၀,၈၂၆ ကျော်အထိ လျော့ကျခဲ့ပြီး ဝင်ငွေအားဖြင့် အမေရိကန် ဒေါ်လာ ၃၁၃ ဒသမ ၃၄၀ သန်းအထိ လျော့ကျခဲ့သည်။ အဆိုပါ ဘဏ္ဍာနှစ် ခုနစ်လအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၁ သန်း ကျော်ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကျော် ရရှိထားသည်။ သို့သော် ယခင်နှစ် ကာလတူထက် တန်ချိန် ခုနစ်သိန်းခွဲကျော် လျော့ကျခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၉၀ ကျော်အထိ လျော့ကျခဲ့ခြင်း ဖြစ်သည်။

ထို့အတူ ဆန်ကွဲ တင်ပို့မှုသည် တန်ချိန် နှစ်သိန်းခွဲကျော် ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၇၀ ကျော် ရရှိထားသည်။ သို့သော် ယခင်နှစ် ကာလတူထက် တန်ချိန် ၅၇၀,၀၀၀ ကျော် လျော့ကျခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ သန်းကျော် လျော့ခဲ့သည်။ မြန်မာနိုင်ငံ အနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ သင်္ဘောဖြင့် အာဖရိက၊ ဥရောပ နိုင်ငံများသို့ လည်းကောင်း၊ မူဆယ် ၁၀၅ မိုင် နယ်စပ် ကုန်သွယ်ရေးစခန်းများ မှတစ်ဆင့် တရုတ်နိုင်ငံသို့လည်း တင်ပို့နေခြင်း ဖြစ်သည်။ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် လေးသိန်း တရားဝင် (Quota) ဖြင့် တင်ပို့ရန် နှစ်နိုင်ငံ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းလျက်ရှိပြီး မကြာမီ MoU လက်မှတ် ရေးထိုးနိုင်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး က ပြောကြားသည်။

လက်ရှိအချိန်တွင် ဆန်တန်ချိန် လေးသိန်း တရားဝင် (Quota) ဖြင့် ဝယ်ယူသွားရေးအတွက် MoU လက်မှတ် ထိုးနိုင်ရန် တရုတ်နိုင်ငံဘက်မှ စာချုပ်မူကြမ်းကို မြန်မာနိုင်ငံသို့ ပေးပို့ထားကြောင်း သိရသည်။ “စာချုပ်မူကြမ်း ပို့လိုက်တယ် ဆိုပေမယ့် နှစ်နိုင်ငံ ညှိနှိုင်းရမယ့် အပိုင်းတွေ ရှိသေးတယ်။ လက်မှတ်ထိုးမယ့် နေရာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ Protocol ညီဖို့ ဒါတွေကလည်း ညှိနှိုင်းရမယ့် အပိုင်းတွေ ရှိသေးတယ်”ဟု ဦးအောင်သန်းဦးက ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၃ ဒသမ ၅ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ စံချိန်တင်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပ တင်ပို့ပြီးပါက ပြည်တွင်း၌ ဆန်လက်ကျန် ယခင်နှစ်များထက် ပိုများမည်ဖြစ်ပြီး ဆန်တန်ချိန်နှစ်သန်းကျော် ကျန်ရှိနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှသိရသည်။

**Source:** https://news-eleven.com/article/107825

## မုံရွာဖုန်သို့ ယခုနှစ် လေးလတာအတွင်း ခရီးသွားအများဆုံး ဝင်ရောက်ခဲ့

စစ်ကိုင်းတိုင်းရှိ ခရီးသွား ဖုန်ခြောက်ခုအနက် မုံရွာဖုန်သို့ လေးလတာ ကာလအတွင်း ခရီး သွား ဝင်ရောက်မှု အများဆုံးဖြစ်ခဲ့ ကြောင်း တိုင်းဒေသကြီး ဟိုတယ် နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦး အောင်သူဦးက ပြောသည်။

ယခုနှစ် ဇန်နဝါရီမှ ဧပြီအထိ လေးလအတွင်း စစ်ကိုင်းတိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန က ကောက် ယူထားသည့် ခရီးသွားဝင်ရောက် မှု စာရင်းအရ မုံရွာဖုန်သည် ခရီး သွား ၄၉,၃၂၆ ဦးဖြင့် အများဆုံး ဖြစ်ပြီး ကလေးဖုန်သည် ၁၃,၁၆၆ ဦးဖြင့် ဒုတိယအများဆုံး ဖြစ်ခဲ့ သည်။

"ပြည်တွင်း၊ ပြည်ပ ခရီး သည်တွေက မုံရွာဇုန်မှာရှိတဲ့ ဖိုလ်ဝင်တောင်၊ မိုးညှင်းသမ္ဗုဒ္ဓေနဲ့ ဇောဓိတစ်ထောင်ကို လာရောက်မှု အများဆုံးပါ။ မနစ်က ခရီးသွား ဝင်ရောက်မှုထက် ဒီနှစ်ပိုများနိုင် ပါတယ်" ဟု ဦးအောင်သူဦးက ပြောသည်။

၂၀၁၈ တစ်နှစ်တာအတွင်း စစ်ကိုင်းတိုင်းသို့ ခရီးသွားဝင် ရောက်မှု ၁၉၆,၉၁၈ ဦးရှိခဲ့ပြီး ယခုနှစ် လေးလတာ ကာလဝင် ရောက်မှုမှာ ၇၃,၁၃၀ ဦးရှိ ကြောင်း ၎င်းကပြောသည်။

"အလောင်းတော်ကဿပ က ရာသီချိန်လောက်ပဲ ဘုရားဖူး လာတာ။ ဖိုလ်ဝင်တောင် မိုးညှင်းနဲ့ ဇောဓိတစ်ထောင်က နေ့တိုင်း ခရီးသည်တွေလာတယ်။ အရင် တုန်းက သင်္ကြန်ကာလဆိုရင် မုံ ရွာကို ခရီးသည်လာတာနည်း တယ်။ ဒီနှစ် ချင်းတွင်းသင်္ကြန် ကြောင့် ခရီးသည်တွေ မပြတ် တော့ဘူး" ဟု မုံရွာမြို့ဒေသခံ ဘု ရားဖူး ခရီးသည်ပို့ဆောင်ရေး ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီမှ ဧပြီအ ထိ လေးလအတွင်း စစ်ကိုင်းဇုန် သို့ ခရီးသွား ၅,၆၃၅ ဦး၊ ရွှေဘို ဇုန်သို့ ၁,၄၁၃ ဦး၊ ကသာဇုန်သို့ ၃,၅၉၀ ဦး ဝင်ရောက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ် နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာနရုံး မှတ်တမ်းများတွင် ဖော်ပြထားသည်။

**Source:** http://www.7daydaily.com/story/155946

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်အတွင်း ပြည်ပမှ စက်သုံးဆီတင်သွင်းမှု ဒေါ်လာ ၂ ဒသမ ၂ ဘီလျံကျော် ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၈၀ ကျော်လျော့ကျ




လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်အတွင်း ပြည်ပမှ စက်သုံးဆီတင်သွင်းမှုတန်ဖိုး ဒေါ်လာ ၂ ဒသမ ၂ ဘီလျံ ကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၈၀ ကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ စက်သုံးဆီ တင်သွင်းမှုက အရင်နှစ်ကာလတူထက်လျော့တယ်။ မနှစ် ကထက် အမေရိကန်ဒေါ်လာ ၂၈၈ ဒသမ ၈၄၅ သန်းအထိ လျော့ကျတယ်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ မေလ ၃ရက်အထိ ခုနစ်လကျော်တွင် ပြည်ပမှ စက်သုံးဆီ တင်သွင်းမှု အမေရိကန်ဒေါ်လာ ၂ ဒသမ၂၃၅ ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာတူတွင်မူ ၂ ဒသမ ၅၂၄ ဘီလျံကျော်အထိ တင်သွင်းထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်အတွင် ပြည်ပမှ စက်သုံးဆီတင်သွင်းမှုသည် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၂၈၈ ဒသမ ၈၄၅ သန်းအထိ လျော့ကျခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများမှာ မေ ၁၃ ရက်တွင် ဒီဇယ်တစ်လီတာ (လက်လီ) ၉၅၅ ကျပ်မှ ၁၀၁၀ ကျပ်၊ (လက်ကား) ၉၀၅ ကျပ်မှ ၉၁၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီလာ(လက်လီ) ၉၆၅ ကျပ်မှ ၁၀၁၀ ကျပ်၊ (လက်ကား) ၉၂၀ ကျပ်မှ ၉၃၀ ကျပ်အထိ ရှိကြောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) မှထုတ်ပြန်ထားသည့် ဈေးနှုန်းများအရ သိရသည်။ မေ ၁၃ ရက်တွင် အောက်တိန်း 92 Ron တစ်လီတာ (လက်လီ) ကျပ် ၈၅၀ မှ ကျပ် ၉၀၀၊ (လက်ကား) ၈၄၅ ကျပ်မှ ၈၅၀ ကျပ်နှင့် အောက်တိန်း 95 Ron တစ်လီတာ (လက်လီ) ကျပ် ၉၂၀ မှ ကျပ် ၉၇၀၊ (လက်ကား) ၈၈၅ ကျပ်မှ ကျပ် ၈၉၀ အထိရှိကြောင်း MPTA ၏ ထုတ်ပြန်ထားသည့် ဈေးနှုန်းများအရသိရသည်။ ပြီးခဲ့သည့် တစ်ပတ်အတွင်း ကမ္ဘာ့ရေနံဈေးနှုန်း သုံးရာခိုင်နှုန်းကျော် ပြန်လည်ကျဆင်းခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ သိသိသာသာ လိုက်ပါကျဆင်းမှုမရှိဘဲ ယခင်ဖြစ်ပေါ်နေသော အမြင့်ဈေးအတိုင်း ဆက်လက်ရှိနေခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်

များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။

ကမ္ဘာ့ရေနံဈေးသည် ဧပြီ ၂၃ ရက်တွင် တစ်စည် ၆၆ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့သော်လည်း မေ ၁ ရက်တွင် ၆၃ ဒေါ် လာဝန်းကျင်နှင့် မေ ၇ ရက်တွင် ၆၁ ဒေါ်လာဝန်းကျင်အထိ တစ်ပတ်အတွင်း သုံးရာခိုင်နှုန်းကျော် ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါရက်သတ္တပတ်အတွင်း ဒီဇယ်နှင့်ပရီမီယံဈေးနှုန်းကိုသာ တစ်လီတာ ၁၀ ကျပ်လျှော့ချခဲ့ပြီး 92 Ron နှင့် 95 Ron ဈေးနှုန်းများကို မေလဆန်းက မြှင့်တင်ခဲ့သည့်ဈေးနှုန်းများအတိုင်း မေ ၉ ရက်အထိ ရောင်းချခဲ့သည်။ ပြည်တွင်းစက်သုံးဆီဈေးသည် ဇန်နဝါရီလဆိုးမှ မတ်လဆန်းအထိ ငါးလဝန်းကျင်အတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ကျပ် ၂၄၀ အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီ အမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၄ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှသိရသည်။

**Source:** https://news-eleven.com/article/108019

## STOCK EXCHANGE (15.5.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,500 | 10,500 | 10,000 | 2,447 | 25,443,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,100 | -100 | -3.13% | 3,150 | 3,150 | 3,100 | 9,378 | 29,237,000 | 38,929,150 | 120,680 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 20,000 | -2,500 | -11.11% | 22,500 | 22,500 | 20,000 | 703 | 14,805,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 2,469 | 7,284,500 | 12,212,906 | 36,028 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.21 | -17.75 | -4.20% | 421.54 | 421.54 | 405.21 | 14,997 | 76,770,000 | 5 | 553,203 |


**Index chart**



# Market Overview

As of 11:00 am, 15th May. 2019

| MYANPIX | 421.54 ▼ 1.42 |
|---|---|
| Total Volume (shares) | 5,264 |
| Total Value (MMK) | 37 mil |
| Listed Company | 5 |
| Market Cap. (MMK) | 575,498 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |

TIR